# ဝိညာဉ်တော်ဦးဆောင်သောခေါင်းဆောင် စာအုပ်အပေါ် ချီးမွမ်းသံများ

## ၁။ Emergent Village –အမျိုးသားညီ နှိုင်းရေးမှူး Tony Jones (တိုနီဂျုံးစ်)

မီး၌အရည်စစ်ထားသောသတ ၊ကဲ့သို့သော အတွေ့အကြုံကို အရင်းတည်သော သူ၏နက်ရှိုင်းသိများဖြင့် တဲမ်ဂျော့ဖီရယွန်သည် ခေါင်းဆောင်မှုနှင့် ပတ်သက်သော ရတနာစာအုပ်ကိုပြုစုခဲ့လေပြီ။ ခေါင်းဆောင်မှုနှင့်ပတ်သက်သောစာအုပ်များ၌ တွေ့ရလေ့ရှိသောစကားယဉ်၊ စကားလှများနှင့် ''လွယ်ကူသောခြေလှမ်းများ''ကို စာရေးသူက ရှောင်ရှားခဲ့သည်။ ခရစ်တော်အခြေ ပြုအသက်တာလမ်းကို လိုက်လျှောက်လိုသူများအတွက် ဆုကျေးဇူးခံစားစေမည့် အလုပ်တစ်ခုကို ကျွန်ုပ်တို့အား တဲမ်က ပေးပါသည်။ ခွန်အားရစေပြီး၊ လက်တွေ့ကျသော စာအုပ်ဖြစ်သဖြင့် ဝိ ဉ်တော်ဦးဆောင်သောခေါင်း ဆောင်စာအုပ်သည် မျှော်လင့်ချက်လည်းပေးသကဲ့သို့ စိန်ခေါ်မှုလည်းပြုပါသည်။ ခရစ်ယာန် ခေါင်းဆောင်များအနေဖြင့် မိမိတို့၏လုပ်ငန်းများကို ဤစာအုပ်အတိုင်း လုပ်ဆောင်ကြပါက မအောင်မြင်နိုင်စရာအကြောင်း မရှိပေ။

## ၂။ Invitation to Solitude and Silence (တစ်ကိုယ်တည်းနေခြင်းနှင့် ဆိတ်ဆိတ်နေခြင်းသို့ ဖိတ်ခေါ်ချက်) စာအုပ်ရေးသူ ႉသ်ဟေလီဘာတန် (Ruth Haley Barton)

တီမိုတေဂျော့ဖရီယွန်က သူ့ကိုသူ ''ပိုမိုကြိုးစားသူ၊ ပိုနှစ်သက်ဖွယ်ကောင်းအောင်ကြိုးစားသူ၊ မနှစ်သက်ဖွယ်ဖြစ်သူ၊ စာ့ကိုပိုဖတ်သူ၊ ပို တော်သူများကိုငှားရမ်းသူ၊ မှားသူများကို အလုပ်ဖြုတ်သူ၊ မိမိကိုယ်ကို ယုံ ကြည်လွန်းသူ၊ မိမိကိုယ်ကို ယုံကြည်မှုလျော့နည်းလာသူနှင့် ပိုမိုဆုတောင်း လာသူ'' ဖြစ်သော်လည်း စိတ်ပျက်အားငယ်သောခေါင်းဆောင်တစ်ဦးအဖြစ် ခံစားရသည်ဟုဖော်ပြသည်ကို တွေ့ရသောအခါ ပြုံးမိသည်။ မှန်လွန်းလို့ ဖြစ်ပါသည်။ ဂျော့ဖရီယွန်၏စာအုပ်သည် ခေါင်းဆောင်မှု၌ လူသားတို့၏ ကြိုးပမ်းမှုအလွန် အခြေခံဖောင်ဒေးရှင်းကိုညွှန်ပြပါသည်။ ကျွန်ုပ်တို့အထဲ၌ အလုပ်လုပ်တော်မူသော ဘုရားသခင်၏ ကျေးဇူးတော်အပေါ်၌ ကျွန်ုပ်တို့မှီခို မှုကိုညွှန်ပြပါသည်။ ဤစာအုပ်ကိုဖတ်ပါ။ လက်တွေ့ကျင့်သုံးကြည့်ပါ။ နောက်ပြီး သင်၏စိတ်ဝိညာဉ်နှင့် သင်၏ ခေါင်းဆောင်မှုတို့ကြားရှိ ပိုမိုနက်ရှိုင်းသောဆက်နွယ်မှုဆီသို့ လမ်းညွှန်ပြသခြင်းကို ခံယူပါ။

## ၃။ Shalem Institute for Spiritual Formation –တည်ထောင်သူနှင့် အကြီးတန်းအရာရှိဖြစ်သူ တီလ်ဒင်အက်ဒွပ်စ် (Tilden Edwards)

ကျွန်ုပ်တို့၏ကိုယ်ပိုင်အသက်တာဘဝများ၊ အဖွဲ့အစည်းများနှင့်ပတ်သက်သော ခေါင်းဆောင်မှုဘဝများ၌ ဘုရားသခင်ထံတော်ပါးသို့ ပိုမိုလက်တွေ့ ကျပြီး အကူအညီဖြစ်သော နည်းလမ်းများဖြင့် ချဉ်းကပ်စေပါသည်။ သူ သည် ကျမ်းစာထဲမှ အလိမ္မာ ဏ်နှင့် အတည်ပြုချက်များအပြင် မိမိ၏ အတွေ့အကြုံနှင့် အခြားသူတို့၏ အတွေ့အကြုံများကို အခြေခံပြီး ပြုစုပါသည်။

## ၄။ Listening to God စာအုပ်ရေးသူ ဂျွန်အက ာမန်(John Ackerman)

တဲမ်သည် စာအုပ်ကောင်းတစ်အုပ်ရေးသားခဲ့လေပြီ။ သူ၏ သင်းအုပ်ဆရာ၊ အမှုဆောင်အရာရှိချုပ်နှင့် လူသားတစ်ဦးဟူသော အတွေ့အကြုံများမှ မြစ် ဖျားခံပြီး ပေါ်ထွက်လာသောစာအုပ်ဖြစ်သည်။ သူသည် အလွန်တော်သော ဆရာဖြစ်ပါသည်။ သူ့အတွက် အကောင်းဆုံးမှာ သင်သည့်အတိုင်း အသက် ရှင်နေထိုင်ခြင်းဖြစ်သည်။ စာအုပ်ထဲရှိအကြောင်းအရာများသည် သူ့ဘဝ၏ အခြေခံဝတ ုကဲ့သို့ဖြစ်ကြောင်း လွန်ခဲ့သော ငါးနှစ်ခန့်မှစ ကျွန်ုပ်သိရှိလာ ရပါသည်။

## ၅။ Chery F. Dudley, associate executive director of the National Ministries of American Baptist Churches, USA

တဲမ်ဂျော့ဖရီယွန်၏စာအုပ်သည် မည်သည့်ပုံ ပ်ထွေးသောအဖွဲ့အစည်း၌မဆို ခေါင်းဆောင်တစ်ဦး၏ လုပ်ဆောင်ချက်ကို ပိုမိုအင်အားဖြည့်တင်းပေးနိုင် မည့် လက်တွေ့ကျသောနည်းလမ်းများကို ဖော်ပြထားပါသည်။ မိမိ၏သက်ဝင်ယုံကြည်မှုနှင့် တန်ဖိုးတရားများအားဖြင့် မိမိ၏ပုဂ္ဂိုလ်ရေးအတွေ့အကြုံကို ရောင်ပြန်ဟပ်ပြီး၊ သူကိုယ်တိုင်အမှုတော်ဆောင်ခဲ့သောနေရာများ၌ အလုပ်ဖြစ်သော အရာများနှင့် အလုပ်မဖြစ်သောအရာများကို ထောက်ပြ သွားပါသည်။ ဂျော့ဖရီယွန်၏စာအုပ်သည် ခေါင်းဆောင်များအား မိမိတို့၏ လုပ်ငန်းအနေအထားနှင့် လိုက်လျောညီထွေဖြစ်မည့် ဆန ြသဘောထားမွေး မြူဖွံ့ဖြိုးစေရာ၌လည်းကောင်း၊ မိမိတို့၏ ကျွမ်းကျင်မှုများကို လက်တွေ့ အသုံးချရာ၌လည်းကောင်း များစွာ အထောက်အကူပြုမည်ဖြစ်သည်။

# ဝိညာဉ်တော်
# ဦးဆောင်သော
# ခေါင်းဆောင်

# ပုံနှိပ်မှတ်တမ်း


| | |
|---|---|
| ထုတ်ဝေသည့်အကြိမ် | ပထမအကြိမ် |
| ထုတ်ဝေသည့်ကာလ | စက်တင်ဘာလ၊ ၂၀၁၄ |
| ကွန်ပြူတာနှင့်ဒီဖိုင်း | အေဘေနေဇာ |
| ဘာသာပြန်သူ | ဆလိုင်းရှန်အောရ်ဗန်နှင်း |
| ထုတ်ဝေသူ | ဒေါ်ခင်မာချို(မြ–၀၃၇၃၈)<br>ပန်းဝေဝေ စာပေ<br>အမှတ်(၃၆၀)၊ဗိုလ်အောင်ကျော်လမ်း<br>ကျောက်တံတားမြို့နယ်၊<br>ရန်ကုန်တိုင်းဒေသကြီး။ |
| ပုံနှိပ်သူ | ဦးခွါကမ်း(မြ–၁၀၃၆၅)<br>အေဘေနေဇာပုံနှိပ်တိုက်<br>အမှတ်(၁၅၅၆)၊စိတ ကျော်သူဦးသြလမ်း<br>၄၂–ရပ်ကွက်၊ဒဂုံမြို့သစ်(မြောက်)၊<br>ရန်ကုန်တိုင်းဒေသကြီး။ |
| စောင်ရေ | ၁၀၀၀ |
| တန်ဖိုး | ဓမ္မဒါန |

ISBN-13: 978-1-56699-317-3
ISBN-10: 1-56699-317-2

ဆလိုင်းရှန်အောရ်ဗန်နှင်း
ဝိညာဉ်တော်–ဦးဆောင်သော ခေါင်းဆောင်(ဘာသာပြန်)
ရန်ကုန်၊ ပန်းဝေဝေ စာပေ၊ ၂၀၁၄၊ စက်တင်ဘာလ
–၈၉ စာ၊ ၁၅ စင်တီမီတာ x ၂၂.၅ စင်တီမီတာ
–ဝိညာဉ်တော်–ဦးဆောင်သော ခေါင်းဆောင်(ဘာသာပြန်)

# ဝိညာဉ်တော်-ဦးဆောင်သော ခေါင်းဆောင်

## ခေါင်းဆောင်မှု လက်တွေ့ကျင့်ထုံး ကိုးချက်
## နှင့်
## စိတ်ဝိညာဉ်ရေး အခြေခံမှုများ

ရေးသားပြုစုသူ

ဒေါက်တာ တီမိုသီ စီ ဂျော့ဖရီယွန်

ဘာသာပြန်သူ

ဆလိုင်း ရှန်အောက် ဗန်နှင်း

(Salai Siangawr Vanhnin)

ဩဂုတ်လ ၂၀၁၄ ခုနှစ်

ရန်ကုန်

## စာရေးသူ၏ ဆုတောင်း

ခရစ်ယာန်သင်းအုပ်ဆရာများ၊ အမှုဆောင်အရာရှိများ(အုပ်ချုပ်ရေးအရာရှိများ)၊ ုံးဝန်ထမ်းများနှင့် သာမန်အသင်းသားခေါင်းဆောင်များအား မိမိ တို့၏ တာဝန်ဝတ ရားများနှင့် မိမိတို့အဖွဲ့အစည်း၏ ရည်မှန်းချက်များကို အကောင်အထည်ဖော်ရာ၌ ဤစာအုပ်အားဖြင့် မိမိတို့၏ ဘုရားသခင် အပေါ်ထားရှိသော ချစ်ခြင်းမေတ ာကို ပိုမိုနက်ှိုင်းစေလျက် ပိုမိုထိရောက်အစွမ်းထက်သော စိတ်ဝိညာဉ်ရေး ခေါင်းဆောင်များ ဖြစ်လာစေရေးဖြစ်သည်။

# မာတိကာ


စာအုပ်အပေါ်ချီးမွမ်းသံများ ... ... ... i

စာရေးသူ၏ဆုတောင်း ... ... ... vi

အမှာစာ ... ... ... xi

စကားချီး ... ... ... xv

ကျေးဇူးတင်လွှာ ... ... ... xix

**၁။ နိဒါန်း**

(က)လိုအပ်သောအရာ ... ... ... ၇

(ခ)ဝိညာဉ်အနှစ်သာရပြည့်ဝခြင်းနှင့်ဝိညာဉ်ရေးရာ အလုံးစုံပြောင်းလဲခြင်း ... ... ... ၁၁

(ဂ)ဝိညဉ်ရေးရာဦးဆောင်မှု ... ... ... ၁၈

(ဃ)ရှေ့သို့ ... ... ... ၂၀

(င)ဝိညဉ်တော်ဦးဆောင်သောခေါင်းဆောင် ... ... ၂၆

**၂။ အခန်း(၁) ပုံဖော်ရှုမြင်မှု(The Vision)**

(က)လိုအပ်သောအရာ ... ... ... ၃၃

(ခ)စစ်မှန်သောအရာ ... ... ... ၃၈

(ဂ)ဒီမှာအကူအညီရှိသည် ... ... ... ၄၇

(ဃ)ဝိညဉ်အနှစ်သာရပြည့်ဝသောခေါင်းဆောင်မှု နှင့်သခင်ယေရှု၏ခေါင်းဆောင်မှုပုံစံ ... ... ... ၄၇

(င)ဝိညဉ်အနှစ်သာရပြည့်ဝသော အသက်တာ နှင့်ခေါင်းဆောင်မှုကိုပေါင်းစည်းခြင်း ... ... ... ၄၉

(စ)သုံးစုတစ်ဖွဲ့ ... ... ... ၅၀

(ဆ)ပိုမိုနက်ရှိုင်းစွာသွားပါ ... ... ... ၅၁

(ဇ)တွေးစရာတစ်ခု ... ... ... ၅၂

**၃။ အခန်း(၂) ဘုရားသခင်နှင့်ဆက်စပ်မှုရှိခြင်း**

(က)လိုအပ်ချက် ... ... ... ၅၆

(ခ)စစ်မှန်သောအရာ ... ... ... ၆၅

(ဂ)ဒီမှာအကူအညီရှိသည် ... ... ... ၇၁

(ဃ)ခေါင်းဆောင်မှုတွန်းအားနှင့်ပန်းတိုင်များ ... ... ၇၂

(င)နည်းစနစ်များနှင့်လက်တွေ့ကျင့်ထုံးများ ... ... ၇၄
(စ)လက်တွေ့အသုံးချခြင်းနည်းလေးများ ... ... ၇၅
(ဆ)စဉ်းစားရန်အချက်များ ... ... ... ၈၃

၄။ **အခန်း(၃) ဝိညဉ်ရေးကျင့်ဝတ်စည်းမျဉ်းများ**
(က)လိုပ်သောအရာ ... ... ... ၈၆
(ခ)စစ်မှန်သောအရာ ... ... ... ၈၇
(ဂ)အကူအညီယူပါ ... ... ... ၉၄
(ဃ)ကျမ်းစာဖတ်ခြင်း၊ နေ့စဉ်မှတ်တမ်းရေးခြင်းနှင့်
ဆုတောင်းခြင်း ... ... ... ၉၄
(င)မွန်မြတ်သောကျမ်းစာဖတ်ခြင်း ... ... ... ၉၇
(စ)ဝိညဉ်ရေးလမ်းညွှန်မှု ... ... ... ၉၉
(ဆ)ဝိညဉ်ရေးအားသစ်လောင်းခြင်း ... ... ... ၁၀၀
(ဇ)ဝိညဉ်ရေးပြုမှုလှုပ်ရှားမှုများ ... ... ... ၁၀၂
(ဈ)စဉ်းစားရမည့်အရာ ... ... ... ၁၀၃

၅။ **အခန်း(၄) ဘုရားသခင်၏ အကြံအစည်တော်များနှင့်အတူ**
(က)လိုအပ်သောအရာ ... ... ... ၁၀၇
(ခ)ကျွန်ုပ်တို့၏ ခေါင်းဆောင်မှုကဏ္ဍကို ဘုရားသခင်၏
အလိုတော်နှင့်တစ်ပြေးညီဖြစ်စေခြင်း... ... ... ၁၀၉
(ဂ)သတိရှိပါ ... ... ... ၁၁၁
(ဃ)ဘုရားသခင်၏ အလိုတော်နှင့်ကျွန်ုပ်တို့၏နေ့စဉ်
ခေါင်းဆောင်မှုကို တစ်ပြေးညီထားရှိခြင်း ... ... ၁၁၄
(င)စစ်မှန်သောအရာ ... ... ... ၁၁၆
(စ)အကူအညီယူပါ ... ... ... ၁၂၇
(ဆ)စဉ်းစားစရာအချို့ ... ... ... ၁၂၉

၆။ **အခန်း(၅) ဘုရားသခင်အားအတူတကွရှာဖွေခြင်း**
(က)လိုအပ်သောအရာ ... ... ... ၁၃၄
(ခ)သမ္မာကျမ်းစာရှုထောင့် ... ... ... ၁၃၅
(ဂ)စစ်မှန်သောအရာ ... ... ... ၁၄၂
(ဃ)အကူအညီယူပါ ... ... ... ၁၄၇
(င)စဉ်းစားရမည့်အချက် ... ... ... ၁၅၉

၇။အခန်း(၆)  ပြောင်းလဲခြင်းကိုမိတ်ဆွေအဖြစ်လက်ခံခြင်း

(က)လိုအပ်သောအရာ ... ... ... ၁၆၄

(ခ)ပြောင်းလဲရန်ဆန္ဒရှိပါ ... ... ... ၁၆၄

(ဂ)ပြောင်းလဲခြင်းကိုယ်စားလှယ်လုပ်ပါ ... ... ၁၆၈

(ဃ)စစ်မှန်သောအရာ ... ... ... ၁၇၃

(င)ကျွန်ုပ်တို့သည် သက်ဝင်ယုံကြည်မှုရှိရန်နှင့်နောင်တရကြရန် ခေါ်တော်မူခြင်းခံကြရသည် ... ... ... ၁၇၄

(စ)ဖြည်းဖြည်းသက်သာလုပ်ပါ ... ... ... ၁၇၇

(ဆ)ဆုတောင်းခြင်းသည် အကူအညီဖြစ်သည် ... ၁၇၉

(ဇ)စဉ်းစားရန်အချက် ... ... ... ၁၈၁

(ဈ)ပြန်လည်စဉ်းစားရမည့်မေးခွန်းများ ... ... ၁၈၃

၈။ အခန်း(၇)  ကောင်းစွာနားဆောင်ခြင်း

(က)လိုအပ်သောအရာ ... ... ... ၁၈၆

(ခ)မည်ရွေ့မည်မျှ ကောင်းမွန်စွာနားထောင်ပါသနည်း ... ၁၉၀

(ဂ)နားထောင်ခြင်း၌ဆက်ကပ်ပါ ... ... ... ၁၉၁

(ဃ)စစ်မှန်သောအရာ ... ... ... ၁၉၈

(င)နားထောင်ခြင်းအကျိုးပေး ... ... ... ၂၀၁

(စ)ကူညီပါရစေ ... ... ... ၂၀၆

(ဆ)ယုံကြည်မှုနှင့်လုံခြုံမှုရှိသော ပတ်ဝန်းကျင်ကိုဖန်တီးပါ... ၂၀၇

(ဇ)နားထောင်ပြီး ဆုံးဖြတ်ချက်ချသောဖြစ်စဉ်ကို ဖန်တီးလုပ်ဆောင်ပါ ... ... ... ၂၀၈

(ဈ)အလွန်အကျွံတုံ့ပြန်မှုမပြုမိရန် သို့မဟုတ် အလျှင်စလိုတုံ့ပြန်မှုမပြုလုပ်ရန်သတိပြုပါ ... ... ၂၀၉

(ည)ဆန်းစစ်သုံးသပ်မှုပြုမေးခွန်းများ... ... ... ၂၁၁

၉။ အခန်း(၈)  ဘုရားသခင်ကိုယုံကြည်အပ်နှံပါ

(က)လိုအပ်သောအရာ ... ... ... ၂၂၀

(ခ)သက်ဝင်ယုံကြည်မှုရှုထောင့်အထွေထွေ ... ... ၂၂၁

(ဂ)ရေတိုအရေးကိစ များအတွက် ရေရှည်သက်ဝင်ယုံကြည်မှု ၂၂၂

(ဃ)အကူအညီယူပါ ... ... ... ၂၂၆

(င)သင်၏ဘဝ အသက်တာနှင့်ခေါင်းဆောင်မှုဘဝ၌

ဘုရားသခင် အလုပ်လုပ်တော်မူပြီး သင့်အားဦးဆောင်ကာ
လမ်းညွှန်ပေးတော်မူ မည်ကို မျှော်လင့်ပါ ... ... ၂၂၈
(စ)သင်၏ဆင်းရဲခြင်း အတွေ့အကြုံများ ထဲမှသင်၏
စရိုက်လက္ခဏာနှင့်သက်ဝင်ယုံကြည်မှုကို ဘုရားသခင်
တည်ဆောက် ပေးသွားမည်ကိုမျှော်လင့်ပါ ... ... ၂၂၉
(ဆ)သခင်ခရစ်တော်၏ ဆင်းရဲဒုက္ခများထဲ၌
မျှဝေခံစားနိုင်မည့် အခွင့်အလမ်းများမှ ခွန်အားရယူပါ ... ၂၃၃
(ဇ)သင့်ကိုဘယ်တော့မှ စွန့်လွှတ်မည်မဟုတ်သော
သခင်ယေရှုခရစ်တော်အား တွယ်ကပ်ပါ... ... ... ၂၃၃
(ဈ)စဉ်းစားရန်အချက် ... ... ... ၂၃၅

**၁၀။ အခန်း(၉) ဝိညာဉ်ရေးခေါင်းဆောင်မှု၏အသည်းနှလုံး**
(က)လိုအပ်သောအရာ ... ... ... ၂၄၀
(ခ)စစ်မှန်သောအရာ ... ... ... ၂၄၅
(ဂ)အကူအညီယူပါ ... ... ... ၂၅၀
(ဃ)စဉ်းစားစရာအချို့ ... ... ... ၂၅၄

**၁၁။ နောက်ဆက်တွဲ(၁)**
မွန်မြတ်သောကျမ်းစာဖတ်ခြင်း ... ... ... ၂၅၆

**၁၂။ နောက်ဆက်တွဲ(၂)**
ဝိညာဉ်တော်ဦးဆောင်သောခေါင်းဆောင် ... ... ၂၅၇

**၁၃။ မှတ်စုများ** ... ... ... ၂၆၀

**၁၄။ လက်ရွေးစင်စာအုပ်များ** ... ... ... ၂၈၀

# အမှာစာ

ပိုတက်စတင့်ပြုပြင်ပြောင်းလဲရေးသမားများက အသင်းတော်အား ပေးခဲ့သော လစ်လျူရှုခြင်းခံခဲ့ရသည့်ဆုကျေးဇူးမှာ အသက်မွေးမှုဆိုင်ရာ ကျမ်းသဘောအရ သိရှိနားလည်မှုကို ဖော်ထုတ်ခြင်းဖြစ်သည်။ ယုံကြည်သူတို့ အနေဖြင့် ခရစ်ယာန်သက်ဝင်ယုံကြည်မှုအားဖြင့် လောက၌ မိမိတို့၏သီးသန့် တာဝန်မည်သည့်အရာဖြစ်သည်ကို သိခြင်းနှင့် ၎င်းအသိတရားအပေါ် ခွန်အားရခြင်းဟူသောခံယူချက်ဖြစ်သည်။ မီးဖိုချောင်ကြမ်းပြင်ကို ဒူးထောက်ပြီး ဆေးကြောသုတ်သင်နေသော အိမ်ဖော်သည် ဘုရားကျောင်းထဲ၌ ဒူး ထောက်ပြီး ဆုတောင်းနေသော ဘုန်းတော်ကြီးထက် ဘုရားအမှုတော်ကို ပိုမိုထိရောက်စွာ ထမ်းဆောင်လျက်ရှိသည်ဟု မာတင်လူသာက အခိုင်အမာဆိုခဲ့သည်။ ''သမားရိုးကျကမ္ဘာသည် ဘုရားသခင်၏ ဂုဏ်ကျက်သရေတော် ထွန်းတောက်ရာပြိုင်ကွင်းကြီးဖြစ်သည်''ဟု ပြောခဲ့သော ဂျွန်ကယ်ဗင်(John Calvin)အား သံသယဝါဒီတစ်ဦးက ခရစ်ယာန်ဖိနပ်ချုပ်သမားများက ခရစ်ယာန့်ဖူးဖိနပ်များ ချုပ်ရမည်ဟု ဆိုလိုသလောဟုမေးခဲ့သည်။ ထိုအခါ ကယ်လ်ဗင်က ''မဆိုလိုပါဘူး''။ ''ဆိုလိုသည်မှာ ကောင်းသောဖိနပ်များကို ချုပ်ကြသည်ဟုဆိုလိုသည်'' ဟုဖြေခဲ့သည်။ ယနေ့ ပိုတက်စတင့်ခရစ်ယာန် တို့အနေဖြင့် ပြုပြင်ပြောင်းလဲရေးဝါဒီတို့ပြောသည်ကို အနည်းငယ်ကသာ သဘောပေါက်ခြင်းနှင့် သဘောတူလက်ခံခြင်းရှိကြမည်ဖြစ်သည်။

**ဝိညာဉ်တော်ဦးဆောင်သော ခေါင်းဆောင်**စာအုပ်၌ တီမိုသီဂျော့ဖရီယွန်သည် ဤနက်ရှိုင်းသိကို ထောက်ပြပြီး ဌာနန္တရဖွဲ့စည်းမှုဆိုင်ရာခေါင်း ဆောင်မှုနှင့် ခရစ်ယာန်ဝိညာဉ်ပြည့်ဝမှုတို့အားဖြင့် ခေတ်သစ်လွှန်မျိုးဆက် သစ်များထံသို့ ပို့ဆောင်ပေးခဲ့သည်။ အသင်းတော်နှင့် အသင်းတော်တစ်ပိုင်း အသင်းအဖွဲ့များမှ သင်းအုပ်ဆရာဘဝနှင့် စီမံခန့်ခွဲမှုအတွေ့အကြုံများကို အခြေခံပြီးရေးသားခြင်း ဖြစ်သဖြင့် မိသားစုမျှော်လင့်ခြင်း ဝန်ဆောင်မှု လုပ်ငန်းများ(Family Hope Services)၏ အမှုဆောင်ဒွန်ကြားရေးမှူးနှင့် ဥက္ကဌဖြစ်သော ဂျော့ဖရီယွန်အနေဖြင့် စီမံခန့်ခွဲရေးခေါင်းဆောင်မှုနှင့် စိတ်ဝိညာဉ်ရေးခေါင်းဆောင်မှုတို့ကို အနှစ်သာရရှိစွာ ပေါင်းစည်းပေးနိုင်ခဲ့သည်။ ခရစ်ယာန်အသင်းအဖွဲ့များ၌ ဘုရားပေးသော တာဝန်များကို ကျေပွန်စွာထမ်းဆောင်လိုကြသော သင်းအုပ်ဆရာများ၊ အမှုဆောင်အရာရှိများ၊ အုပ်ချုပ်စီမံသူများ၊ မန်နေဂျာများနှင့်ညီ နှုင်းရေး မှူးများအတွက် ရေးသားပြုစုခြင်းဖြစ်သော်လည်း လောကီဆိုင်ရာ မိမိတို့၏အသက်မွေးဝမ်းကျောင်း

အလုပ်များအားဖြင့် ဘုရားသခင်၏ အမှုတော်မြတ်၌ တစ်ဖက်တစ်လမ်းမှ ပါဝင်လိုကြသူတို့အတွက်လည်း ဤစာအုပ်ကို လမ်းညွှန်စာအုပ်အဖြစ် သုံးနိုင်ပါသည်။

ယနေ့ အမေရိကန်ပေါ်ပင်ယဉ်ကျေးမှု၌ ဝိညာဉ်ရေးပြည့်ဝမှု သို့မဟုတ် ဝိညာဉ်အနှစ်သာရပြည့်ဝမှု (Spirituality)ကို ဘာသာရေးနယ်ပယ်ထဲမှ ဆွဲထုတ်လိုကြသည့် (ပြောနေကျစကားတစ်ခု–ကျွန်တော်သည် စိတ်ဝိညာဉ်ရေး သဘောထားပြည့်ဝသူဖြစ်သော်လည်း ဘာသာရေးဆန်သူ မဟုတ်ပါ (I am very spiritual but not at all religious) တိမ်းညွတ်မှုရှိသော်လည်း ဂျော့ဖရီယွန်က spiritual ဟူသော ဝေါဟာရကို ''ဘုရားသခင်နှင့် ကျွန်ုပ်တို့၏ ဆက်စပ်မှု အသိတရား''(Our sense of connection to God) အဖြစ် ရိုးရိုးနှင့်ရှင်းရှင်း အဓိပ္ပါယ်ဖွင့်ဆိုထားပါသည်။ ဘုရားသခင်သည် လူသား၏ အတ အတိုင်းအတာ ပြင်ပ၌ရှိသူ သို့မဟုတ် ဖန်ဆင်းထားသော စကြာဝဠာ၏ ပြင်ပပုဂ္ဂိုလ်ဖြစ်သည်ဟု ဆိုလိုသည်။ ဤဘုရားနှင့်လူသား၏ ဆက်ဆံရေးအမှန်တရားသည် ဓမ္မသစ်ကျမ်း၌ဖော်ပြထားသည့်အတိုင်း ဘုရားသခင်၏ ကျေးဇူးတော်ပေါ်၌ အခြေခံပါသည်။ ဘုရားသခင်ထံမှ မိမိနှင့်မထိုက်တန်သော ကျေးဇူးတော်နှင့် မေတ္တာတော်ကို လူသားကရရှိခြင်းဖြစ်ပြီး ကျွန်ုပ်တို့အား မေတ္တာထားသူများအပေါ် ကျွန်ုပ်တို့ကလည်း မေတ္တာထားကြသော အပြန်အလှန်မေတ္တာထားကြသော အသက်တာကဲ့သို့ ယုံကြည်သူတို့၏ အသက်တာဘဝကို အကျိုးသက်ရောက်စေသော ဆက်ဆံမှုဖြစ်သည်။ ကျွန်ုပ်တို့နှင့် ဘုရားသခင်တို့၏ ဆက်ဆံရေးကို ပိုမိုခိုင်မြဲစေပြီး ပိုမိုအဆင့်အတန်းမြင့်မားစေလျက်၊ ပိုမိုကြွယ်ဝစေသည့်အပြင် ပိုမိုမျှဝေခံစားမှုရှိစေသော ဆက်ဆံရေးနည်းလမ်းများကို စာရေးသူကညွှန်ပြပါသည်။ ဘုရားသခင်နှင့် အဖခမည်းတော်တို့သည် ကျွန်ုပ်တို့၏ လူသားအသက်တာ ဘဝများကို ပြောင်းလဲစေပြီး ပိုမိုတောက်ပစေသူများဖြစ်သည့်အပြင် နည်းလမ်းများကိုလည်း ပိုမိုခွန်အားပြည့်ဝစေတော်မူသော ဘုရားသခင်ဖြစ်ကြောင်း စာရေးသူက စွဲမြဲစွာယုံကြည်ပါသည်။ ဤအကြောင်းနှင့်ပတ်သက် ကျွန်ုပ်တို့၏ အသက်တာဘဝများကို ဘုရားသခင်ထံ ယုံကြည်အပ်နှံပြီး အသက်ရှင်ရာ၌ အခန်း(၈)၌ စာရေးသူက သူကိုယ်တိုင်၏ ကိုယ်တွေ့သက်သေခံသွားသည်ကို စာဖတ်သူ ဖတ်စေလိုပါသည်။

သို့ဖြစ် ဝိညာဉ်အနှစ်သာရပြည့်ဝခြင်းသည် အသင်းအဖွဲ့များအား ခေါင်းဆောင်မှုပေးရာ၌ ရည်မှန်းချက်များနှင့် သတ်မှတ်ချိန်များပြည့်မှီခြင်းတို့ထက် ပိုမိုအရေးကြီးသော စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးတာဝန်ဝတ္တရားများရှိ သောကြောင့်

အလွန်အရေးကြီးပါသည်။ ဤနေရာ၌ ဝိညာဉ်အနှစ်သာရ ပြည့်ဝခြင်း၌ စိတ်ခံစားချက်၊ ဆက်ဆံရေး၊ စိတ်ပိုင်းဆိုင်ရာနှင့်ဝိညာဉ်ပိုင်း ဆိုင်ရာကဲ့သို့သော အခြားသူတို့နှင့် လက်တွဲလုပ်ဆောင်ရာတွင် ထည့်သွင်းစဉ်းစားရမည့် အစိတ်အပိုင်းများလည်းပါဝင်သည်။ အသင်းတစ်ခု၊ ုံးအဖွဲ့တစ်ခု၊ ဌာနတစ်ခုနှင့် အခြားအဖွဲ့အစည်းများကို ဦးဆောင်ရာ၌ ဘက်စုံကျွမ်းကျင်မှုလိုအပ်ပါသည်။ ဤနေရာ၌ အရေးကြီးသောအချက်တစ်ခုမှာ ဘာသာရေးကိုင်းှိုင်းရေး သို့မဟုတ် သင်းအုပ်ဆရာ၏ လုပ်ငန်းခွင်အကြောင်းကို စာရေးသူကပြောကြားခြင်း မဟုတ်ဟူသောအချက်ဖြစ်သည်။ စာရေးသူဖော်ပြလိုသောအချက်မှာ ဘုရားသခင်နှင့်ဆက်ဆံရာတွင် ဘုရားသခင်သည် ကျွန်ုပ်တို့အား ပေးထားသော အလုပ်တာဝန်နှင့်ပတ်သက်ပြီး အသိဉာဏ်ပညာပေးသနားတော်မူခြင်းနှင့် ခွန်အားပေးတော်မူခြင်းဖြစ်ပါ သည်။ ခေါင်းဆောင်မှု၌ ဘုံလုပ်ငန်းတစ်ခုအတွက် လုပ်ဖော်ဆောင်ဖက်များအား ူမြင်ပုံဖော်ခြင်း(vision)နှင့် စိတ်အားတက်ကြွခြင်း တို့ကို ပေးနိုင်စွမ်းရှိခြင်းပါဝင်သည်။ သို့ဖြစ် ခေါင်းဆောင်မှု၏အစိတ်အပိုင်းတစ်ခုစီ၌ ကျွန်ုပ်တို့၏ ဝိညာဉ်ရေးအနှစ်သာရပြည့်ဝမှု၏ သြဇာလွှမ်းမိုးမှုပါရှိသည်ဟု ဂျော့ဖရီယွန်ကခံယူသည်။ ဆိုလိုသည်မှာ ''ဝိညာဉ်အနှစ်သာရပြည့်ဝခြင်းသည် ကျွန်ုပ်တို့နှင့် ဘုရားသခင်တို့ကြား၌ ဆက်ဆံရေးအသိတရားရှိခြင်း'' ပင်ဖြစ်သည်။

အခန်းတစ်ခုစီ၌ ဤအကြောင်းအချက်နှင့်ပတ်သက်သော အရေးကြီးသည့် အရေးကိစ များဖြစ်သည့် ဝိညာဉ်အနှစ်သာရပြည့်ဝသော အသက်တာဘဝမှ ပေါက်ဖွားလာသော ခေါင်းဆောင်မှုကို ူမြင်ပုံဖော်ခြင်း၊ ဝိညာဉ်အနှစ်သာရ ပြည့်ဝသော အသက်တာဘဝနှင့်ပတ်သက်သော ပြုမူချက်များ၊ ဝိညာဉ်အနှစ် သာရပြည့်ဝသော သီးခြားကျင့်စဉ်များအား ပြုစုပျိုးထောင်ခြင်း၊ ဘုရားသခင်၏ ရည်မှန်းချက်များကို ဆက်ကပ်လုပ်ဆောင်ရန် ကြိုးပမ်းခြင်း၊ လုပ်ငန်းခွင် အတွင်း ဝိညာဉ်အနှစ်သာရပြည့်ဝသော ပတ်ဝန်းကျင်ကို ဖန်တီးခြင်း၊ ဘုရားသခင်အား နားထောင်တော်မူခြင်းနှင့် ယုံကြည်အပ်နှံခြင်း၊ မိမိ၏ဦးစားပေး အစီအစဉ်များကို ပြောင်းလဲခြင်းနှင့် ဘုရားသခင်၏မေတ ာတော်နှင့် ကျေးဇူးတော်အတွက် မိမိကိုယ်ကို အပြည့်အဝတံခါးဖွင့်ပေးခြင်းတို့ကို ဖော်ပြထားပါသည်။ အကြောင်းခြင်းရာ တစ်ခုစီအား ခွဲခြမ်းစိတ်ဖြာမှုပြုပြီး ပြန်လည်သုံးသပ်ရန်မေးခွန်းများ၊ အဖွဲ့လိုက်ဆွေးနွေးရန် ွန်ကြားချက်များ၊ စဉ်းစားရန်အချက်များစသည့် လက်တွေ့သင်ခန်းစာများဖြင့် အဆုံးသတ်ပါသည်။

ဤစာအုပ်သည် ကိုယ်ထူကိုယ်ထ(self-help)စာအုပ်မဟုတ်ပေ။ စာအုပ် အမည်က ွန်ပြသည့်အတိုင်း ခေါင်းဆောင်မှုဟူသည် အခြေခံအားဖြင့်

အခြားတစ်ယောက်က ဦးဆောင်ခြင်းဖြစ်သည်။ ''ကျွန်ုပ်တို့၏လိုအင်ဆန္ဒနှင့် ဘုရားသခင်၏ဆန္ဒတော်တို့ကို တစ်သားတည်းပြုခြင်းသည် ဘုရားသခင်သည် ကျွန်ုပ်တို့၏ ပုဂ္ဂိုလ်ရေးခေါင်းဆောင်နှင့် ကျွန်ုပ်တို့၏ အမှုတော်ဆောင်ခြင်းလုပ်ငန်း သို့မဟုတ် အဖွဲ့အစည်း၏ ခေါင်းဆောင်ဖြစ်သကဲ့သို့ ကျွန်ုပ်တို့ကိုယ်တိုင်ယုံကြည်ပြီး ပြုမူလုပ်ဆောင်ခြင်းပင်ဖြစ်သည်''ဟု ဂျော့ဖရီယွန်က ခံယူသည်။ တစ်နည်းအားဖြင့် **ဝိညာဉ်တော်ဦးဆောင်သော ခေါင်းဆောင်** စာအုပ်သည် ဘုရားသခင်အား ပုဂ္ဂိုလ်ရေးအရသာမဟုတ်ဘဲ အသက်မွေးဝမ်းကျောင်းအလုပ်အားဖြင့်ပါ ထိတွေ့ဆက်ဆံလိုသော အိမ်ဖော်၊ ဖိနပ်ချုပ် သမား၊ အမှုဆောင်ဒါရိုက်ကြားရေးမှူး စသဖြင့် မည်သူမဆိုအတွက် တန်ဖိုးရှိလှသော စာအုပ်ကောင်းဖြစ်သည်။

သောမတ်စ်ဒဗ,လျူဂျိုလက်စ်ပီ

အကျိုးဆောင်ပါမောက္ခချုပ်

ပရင့်စတန်ဓမ္မတက္ကသိုလ်

# စကားချီး

ဤစာအုပ်သည် ထိရောက်သောဝိညာဉ်ရေးခေါင်းဆောင်မှုအကြောင်း ဖြစ်သည်။ မိမိတို့၏ ပုဂ္ဂိုလ်ရေးဝိသေသလက္ခဏာနှင့် ခေါင်းဆောင်မှုချဉ်းကပ်ရေး၌ ဝိညာဉ်အနှစ်သာရပြည့်ဝသော အသက်တာဘဝကို အဓိကထားသော အမျိုးသားများနှင့် အမျိုးသမီးများအား တန်ခိုးသြဇာကြီးမားသော ဝိညာဉ်ရေး ခေါင်းဆောင်များဖြစ်စေချင်သောဆန္ဒ ကျွန်ုပ်၌ရှိပါသည်။ မိမိတို့၏ လုပ်ငန်းခွင်၌ အဖွဲ့အစည်းအတွက်ဖြစ်စေ၊ လုပ်ဖော်ဆောင်ဖက်များအတွက် ဖြစ်စေ၊ မိမိတို့ကိုယ်တိုင်အတွက်ဖြစ်စေ၊ အပြုသဘောဆောင်သော အကျိုး သက်ရောက်မှု ရှိစေလိုသူတို့အတွက် ကျွန်ုပ်ရေးသားခြင်းဖြစ်ပါသည်။ ထို့အတူ မိမိတို့ အသင်းအဖွဲ့များ၌ ခေါင်းဆောင်မှုအခန်းကဏ္ဍမှ ပါဝင်ခြင်းမရှိ ကြသော်လည်း မိမိတို့အသင်းအဖွဲ့ဦးဆောင်မှု၌ မိမိတို့တတ်နိုင်သည့်အခန်းမှ ပါဝင်အကျိုး ပြုလိုသူတို့နှင့် အလွန်အရေးပါသောလုပ်ငန်းခွင်ဆက်ဆံရေး၌ ဝိညာဉ် အနှစ်သာရရှိစွာ တွေ့ကြုံခံစားလိုသူတို့အတွက်လည်း ရေးသားခြင်း ဖြစ်ပါသည်။

ဘုရားသခင်သည် ကျွန်ုပ်တို့၏အသက်တာဘဝများထဲ၌ ပါဝင်လှုပ်ရှားနေ တော်မူသဖြင့် တစ်ဦးချင်းအနေဖြင့် ဘုရားသခင်ကို မျှော်လင့်ကိုးစားတော် မူကြရမည်ဖြစ်သည်။ ကျွန်ုပ်တို့၏ ခေါင်းဆောင်မှုထဲ၌ ဘုရားသခင်သည် အသက်သွင်းတော်မူပြီး ခွန်အားတိုးပွားစေတော်မူသည်ဖြစ် ကျွန်ုပ်တို့ သည် ခေါင်းဆောင်များအဖြစ်ဖြင့် ဘုရားသခင်ထံတော်ပါးမှ ကြီးကျယ်သော အရာများကို မျှော်လင့်စောင့်စားနိုင်ပါသည်။ ကျွန်ုပ်တို့အသက်တာထဲ၌ ဘုရားသခင် သက်ဝင်လှုပ်ရှားတော်မူပြီး ကျွန်ုပ်တို့အားဖြင့် အဓိပ္ပာယ်ရှိသော ဘဝအပြောင်းအလဲ များကို ဖြစ်ပေါ်စေတော်မူလိမ့်မည်ဟု ကျွန်ုပ်တို့မျှော် လင့်နိုင်ပါသည်။ ကျွန်ုပ်တို့ အတွက် ဘုရားသခင်၌ အကြံအစည်တော်ရှိတော် မူကြောင်း တွေ့ကြုံခံစားရေး၌ အဓိကသော့ချက်မှာ ကျွန်ုပ်တို့အား ဘုရားသခင် မည်သည့်အရာကို ပေးသနား တော်မူသည်ကိုသိရှိပြီး၊ ကျွန်ုပ်တို့၏ အသက်တာဘဝနှင့် ခေါင်းဆောင်မှုဘဝထဲ၌ ဘုရားသခင်အသက်ဝင် လှုပ် ရှားတော်မူသည်ကို သိရှိခြင်းပင်ဖြစ်သည်။

သူ့ကို ယုံကြည်အပ်နှံသူတို့အား သခင်ယေရှုခရစ်တော် ကတိပြုတော်မူခဲ့ သော ''ကြွယ်ဝပြည့်စုံသော အသက်တာ''(ယော ၁၀း၁၀)သည် လက်တွေ့ မဖြစ်နိုင်သော စိတ်ကူးယဉ်အိပ်မက် မဟုတ်ပေ။ လူအနည်းငယ်အတွက်သာ သီးသန့်သိမ်းထားသော အသက်တာလည်းမဟုတ်ပေ။ အသက်တာဘဝနှင့် ခေါင်းဆောင်မှုသည် နှိုးကြန်လှုပ်ရှားမှု၊ စိတ်ပျက်ဝမ်းနည်းမှုများနှင့် ကြေကွဲ ဖွယ်ရာများဖြင့် ပြည့်နေမည်ဖြစ်သော် ဘုရားသခင်သည် ကိုယ်တော်အား ချစ်မြတ်နိုးသူ

များနှင့် ကိုယ်တော့်အတွက် ဆက်ကပ်ရင်းနှီးသူတို့အတွက် အလုပ်လုပ် တော်မူကြောင်းကို သိရှိကြသည်ဖြစ်သဖြင့် ကျွန်ုပ်တို့၌ မျှော်လင့် ခြင်းအမြဲထားရှိပါသည်။

တမန်တော်ပေါလုသည် ရေရှည်ခိုင်မြဲသော ဘုရားသခင်နှင့်ဆက်ဆံရေးထားရှိရန်နှင့် အဓိပ္ပာယ်ရှိသောအသက်တာဖြင့် ဆက်ကပ်ရန် ကျွန်ုပ်တို့၏ မျှော်လင့်ချက်ကို ဤသို့ဖော်ပြပါသည်။

> သင်တို့သည် ယုံကြည်သောအသင်းအားဖြင့် ကျေးဇူးတော်ကြောင့် ကယ်တင်ခြင်းကို ခံကြရ၏။ သင်တို့၏ကြိုးစားအားထုတ်မှုရလဒ်ကြောင့် ခံကြရသည်မဟုတ်။ ဘုရားသခင်ချပေးတော်မူသော ဆုဖြစ် အဘယ်သူ မျှ ဝါကြွားစရာအကြောင်းမရှိ။ ငါတို့သည် ခရစ်တော်ယေရှုနှင့် တစ်လုံးတစ်ဝတည်းဖြစ်လျက် ဘုရားသခင်စီမံထားတော်မူသော အကျင့်ကောင်းများကို ပြုကျင့်စေရန် ဘုရားသခင်သည် ငါတို့အားဖန်ဆင်းတော်မူပေသည်။ (ဖေက် ၂း၈–၁၀)

ကျွန်ုပ်တို့၌ အကန့်အသတ်များ၊ ဆုံးရှုံးမှုများ၊ ဆင်းရဲဒုက္ခများ ကြုံတွေ့နေရသည့်ကြားမှ ဘုရားသခင်၏ကျေးဇူးတော်သည် ကျွန်ုပ်တို့၏ဘဝအသက်တာထဲ၌ ထဲထဲဝင်ဝင်လုပ်ဆောင်တော်မူလျက်ရှိသောကြောင့် လည်းကောင်း၊ ကျွန်ုပ်တို့၏အနာဂတ်သည် ကျွန်ုပ်တို့ကိုယ်တိုင်၏ ကြိုးပမ်းမှုထက် ဘုရားသခင်အပေါ်၌ ပိုမိုတည်ရှိနေသောကြောင့်လည်းကောင်း ကျွန်ုပ်တို့အား မျှော်လင့်ခြင်းကို ပေးတော်မူပါသည်။ ဘုရားသခင်၏ ကျေးဇူးတော်သည် ခွင့်လွှတ်ခြင်းကို ယူဆောင်ပေး႔ သာမကဘဲ ကျွန်ုပ်တို့အသက်တာဘဝ၌ ဘုရားသခင်ပေးထားတော်မူသော ရည်မှန်းချက်အတိုင်း အသက်ရှင်နေထိုင်နိုင်ခွင့်ကို ပေးပါသည်။ ယင်းရည် မှန်းချက်မှာ ကျွန်ုပ်တို့အတွက် ဘုရားသခင်က ကြိုတင်စီစဉ်ထားတော်မူနှင့် ပြီးဖြစ်သော ကောင်းသောအလုပ်များ(good works)ဖြစ်သည်။ အသက်တာဘဝနှင့် အမှုတော်ဆောင်ခြင်းတို့အပေါ် ဘုရားသခင်၏ခွန်အားဖြည့် တင်းပေးသော တန်ခိုးအာဏာသည် ယုံကြည်သူတိုင်းအတွက်ဖြစ်ပါသည်။ သို့သော် ဝိညာဉ်အနှစ်သာရပြည့်ဝသော ခေါင်းဆောင်မှုပေးလိုသူတို့အနေဖြင့် အောင်မြင်ထိရောက်သော ခေါင်းဆောင်ဖြစ်ရေးအတွက် ခေါင်းဆောင်မှု လက်တွေ့ကျင့်ထုံးများနှင့် စိတ်ဝိညာဉ် အခြေခံမှုများကို သိရှိထားရန် လိုအပ်မည်ဖြစ်သည်။ ကျွန်ုပ်၏ရည်ရွယ်ချက်မှာ မိမိကိုယ်ကိုခေါင်းဆောင်ဟု ခံယူသူတို့အား အကူအညီပေးရန်ဖြစ်သည်။ ခေါင်းဆောင်ဟုဆိုရာ၌ တရားဝင်ရွေးချယ် ခြင်းခံရသူများ သို့မဟုတ် ခန့်ထားခြင်းခံရသူများနှင့် ခေါင်းဆောင်မှုပေးရန် လိုအပ်သောအခြေအနေနှင့် ရောက်ရှိနေသူတို့ ပါဝင်သည်။

ဘုရားသခင်၏ မွန်မြတ်သော သားသမီးများဖြစ်ခြင်းကြောင့်လည်းကောင်း၊ ခရစ်တော်၏ နိုင်ငံတော်အတွက် လည်းကောင်း၊ အမှုတော်ဆောင်ခြင်း၊ အသင်းတော်နှင့် စီးပွားရေးလုပ်ငန်းတို့၌ အတူတကွလုပ်ဆောင်ခြင်းဖြင့် အားလုံးအတွက် အကျိုးရှိစေရန်အတွက် လည်းကောင်း ဘုရားသခင်ရွေး ကောက်တော်မူခြင်း ခံရသူများဖြစ်သဖြင့် ခေါင်းဆောင်များအတွက် ဘုရားသခင် စီစဉ်ပေး တော်မူသည်များကို ခေါင်းဆောင်များ ပိုမိုထိတွေ့ခံစားစေ နိုင်ရေးမှာ ကျွန်ုပ်၏ဆန္ဒ[အမှန်ဖြစ်ပါသည်။

ကျွန်ုပ်၏အနှစ် ၂၀ ကျော်ကြာ သိက္ခာတော်ရသင်းအုပ်ဆရာ၊ ကောလိပ်နှင့် ဓမ္မတက သိုလ်ကထိကနှင့် အကျိုးအမြတ်မယူသော အမှုဆောင်အရာရှိ ဟူသော အတွေ့အကြုံများက ဝိညာဉ်အနှစ်သာရပြည့်ဝခြင်းနှင့် ခေါင်း ဆောင်မှုဆိုင်ရာ အရေးကြီးသော အခြေခံမှုများနှင့် လက်တွေ့ကျင့်ထုံးများ သင်ကြားပြသခဲ့သည်။ အစေခံခြင်းဖြင့် ထိရောက်သော ဝိညာဉ်အနှစ်သာရ ပြည့်ဝသော ခေါင်းဆောင် ဖြစ်ရေးအတွက် ခိုင်ခန့်တောင့်တင်းသော ကျေးဇူး တော်အခြေခံအုတ်မြစ်နှင့် တက်ကြွကြီးထွားနေသော ဝိညာဉ်အနှစ်သာရ ပြည့်ဝသည့် အသက်တာ လိုအပ်ကြောင်း သိရှိလာခဲ့သည်။ ကျွန်ုပ်တို့၏ အတွေးအခေါ်၌ ခေါင်းဆောင်မှုနှင့် ဝိညာဉ်အနှစ်သာရပြည့်ဝသော အသက်တာဘဝတို့ကို ခွဲခြားခြင်းကို ဂိုက်ချိုးပစ်ရန် လိုပါသည်။ ၎င်းတို့နှစ်ခုကို ပေါင်းစည်းပြီး ကျွန်ုပ်တို့၏ ဝိညာဉ်အနှစ်သာရ ပြည့်ဝသောဘဝက ကျွန်ုပ်တို့၏ခေါင်းဆောင်မှုကို ပြုပြင်ပြောင်းလဲခွင့်ပြုရမည် ဖြစ်သည်။

အပြင်ပန်းအားဖြင့်ကြည့်ပါက ပုံဖော်ျမြင်သူ (vision caster)၊ မဟာဗျူဟာ စီမံကိန်းမှူး၊ မန်နေဂျာ၊ ကြီးကြပ်သူ၊ ညှိနှိုင်းရေးမှူးအဖြစ်ဖြင့် ထိရောက်သော သင်းဖွဲ့ဆိုင်ရာခေါင်းဆောင်မှုပေးခြင်းသည် အဓိပ ါယ်ရှိသော ဝိညာဉ် အနှစ်သာရပြည့်ဝသည့် ခေါင်းဆောင်မှုပေးခြင်းနှင့် အလွန်ကွဲပြားသည့် အသွင်ကို ဆောင်ယူနိုင်ပါသည်။ သင်းဖွဲ့ခေါင်းဆောင်မှုသည် အသင်းအဖွဲ့၏ ရည်မှန်းချက်များနှင့် အကောင်အထည်ဖော်မည့် ခေါင်းဆောင်များ အပေါ် ပိုမိုအာ ုစိုက်သည့် တိမ်း ွတ်မှုရှိသည်။ ဝိညာဉ်ရေးခေါင်းဆောင်မှု ၌ လုပ်ငန်းခွင်နှင့် အဖွဲ့အသင်းသားများ၏ စိတ်ဝိညာဉ်ရေးတက်ကြွလှုပ်ရှားမှုဝန်းကျင် အနေအထားအပေါ် ပိုမိုအလေးထားပါသည်။ ၎င်း၌ တန်ဖိုးတရားနှင့် ပေါ်လစီချမှတ်ရာ၌ ကျမ်းပိုဒ်များနှင့် ဓမ္မဒ နအသိပညာများပါ ထည့်သွင်းသင့် မသင့်ကိုလည်းကောင်း၊ ရပ်ရွာအဖွဲ့အစည်း၏ အသက် တာဘဝကို မြ ှင့်တင်ခြင်းကို လည်းကောင်း၊ ဝန်ထမ်းခြင်းလုပ်ငန်းအတွက် အခွင့်အလမ်းများပေးခြင်းကို လည်းကောင်း ထည့်သွင်းစဉ်းစားပါသည်။

သင်းဖွဲ့ခေါင်းဆောင်မှုနှင့် ဝိညာဉ်ရေးခေါင်းဆောင်မှုတာဝန်များသည်

သီးခြားစီရှိကြသည်မဟုတ်ဘဲ ကျွန်ုပ်ထင်ထားသည်ထက် တစ်ခုနှင့်တစ်ခု ရောထွေးယှက်တင်ဖြစ်နေကြသည်ကို သိရှိလာခဲ့ပါသည်။ ခေါင်းဆောင်မှု တစ်ခုစီ၌ ကိုယ်ပိုင်ဟန်များရှိကြသည်။ သို့သော် ခေါင်းဆောင်မှုအစိတ် အပိုင်းတစ်ခုစီအား ကျွန်ုပ်တို့၏ ဝိညာဉ်အနှစ်သာရပြည့်ဝမှုက သိလျက်ဖြစ်စေ၊ မသိဘဲလျက်ဖြစ်စေ သြဇာလွှမ်းမိုးခြင်းပြုပါသည်။ တက်ကြွပြီး ထိရောက်အောင်မြင်သော ခေါင်းဆောင်ဖြစ်လိုသည့် ခရစ်ယာန်တို့သည် မိမိတို့၌ရှိသော ဝိညာဉ်ရေး အသက်တာဘဝများထဲမှ အများဆုံးခွန်အားရရှိနိုင်မည့် နည်းများအားဖြင့် ဦးဆောင်ကြရမည်ဖြစ်သည်။

အားကောင်းသောဝိညာဉ်ရေးအခြေခံမှနေ ကျွန်ုပ်ဦးဆောင်မှုပေးရန် ကြိုးစားလေ၊ ကျွန်ုပ်၏ ခေါင်းဆောင်မှု၌ ကျစ်လစ်သိပ်သည်းမှုနှင့် စည်းဝါးကျမှုတို့ကို ပိုမိုတွေ့ကြုံခံစားလေဖြစ်ပြီး အကျိုးရလာဒ်များလည်း ပိုမိုအင်အားကြီးမားလေဖြစ်ပါသည်။ ထိုသို့သော ခေါင်းဆောင်မှုသည် တစ်စိတ်တစ်ပိုင်း အားဖြင့် အနုပညာဖြစ်သကဲ့သို့ တစ်စိတ်တစ်ပိုင်းအားဖြင့် စနစ်ကျသော စီစဉ်မှု၏ အကျိုးရလဒ်ကြောင့်လည်း ဖြစ်ပါသည်။ အထူးသဖြင့် ဘုရားသခင်၏ ကျေးဇူးတော်လုပ်ဆောင်မှုကြောင့်ဖြစ်သည်။ ကျွန်ုပ်တို့၏ဘဝ အသက်တာမားနှင့် အဖွဲ့အစည်းများအတွင်း ဘုရားသခင်အား နေရာပေးခြင်းသည် စွမ်းဆောင်ရည်ရှိသော ဝိညာဉ်အနှစ်သာရပြည့်ဝသည့် ခေါင်းဆောင်ဖြစ်လာရေး၌ အနှစ်သာရဖြစ်ပါသည်။

ဤစာအုပ်ထဲ၌ဖော်ပြထားသော အယူအဆများသည် ကျွန်ုပ်ကိုယ်တိုင် ခေါင်းဆောင်တစ်ဦးအဖြစ် အတွေ့အကြုံအားဖြင့် အရည်စစ်ပြီးသား အယူအဆများဖြစ်သည်။ ခေါင်းဆောင်မှုပြ နာများကို ကျွန်ုပ်ရင်ဆိုင်ရသော အခါ ပိုမိုစွမ်းဆောင်ရည်ရှိသော ခေါင်းဆောင်တစ်ဦးဖြစ်လာစေရန် ကျမ်းစာထဲက နက်ို င်းသိများနှင့် ဝိညာဉ်ရေးနက်ို င်းသိများကို ရှာဖွေခဲ့သည်။ ဝိညာဉ် အနှစ်သာရပြည့်ဝသော ခေါင်းဆောင်မှုကို ကျွန်ုပ်ပိုင်ဆိုင်ပြီဟု မပြောလိုပါ။ အမှန်အားဖြင့် ကျွန်ုပ်သည် သင်ယူရာ၌ အလွန်နှေးကွေး ပါသည်။ လက်တွေ့ထက် သဘောတရားကို ပိုမိုနားလည်သူဖြစ်ပါသည်။ သို့သော် ကျွန်ုပ်အဖွဲ့အစည်း၏ လုပ်နည်းလုပ်ဟန်ထဲသို့ ခေါင်းဆောင်မှုနည်း လမ်းသစ်များနှင့် ဘုရားသခင်အား ပိုမိုသိသာစွာ သွတ်သွင်းလာသောအခါ ပိုမိုတောက်ပသော အကျိုးရလဒ်များကို တွေ့ကြုံရရှိလာခဲ့သည်။ ပုဂ္ဂိုလ်ရေး တိုးတက်မှုနှင့် ခေါင်းဆောင်မှုတို့၌ ကျွန်ုပ်၏စမ်းကြည့်ပြုပြင်နည်းဖြင့် ရရှိလိုက်သော အတွေ့အကြုံကို လက်ဆင့်ကမ်းရန် အာသီသပြင်းပြပါသည်။

# ကျေးဇူးတင်လွှာ

**ဝိညာဉ်တော်ဦးဆောင်သော ခေါင်းဆောင်**စာအုပ်သည် ကျွန်ုပ်၏ အသက်တာဘဝကို ဝိညာဉ်တော်ဦးဆောင်သော ပုဂ္ဂိုလ်အမြောက်အမြားက ကြီးမားစွာ ကြွယ်ဝချမ်းမြေ့စေကြသောကြောင့် ထွက်ပေါ်လာနိုင်ခြင်းဖြစ်ပါသည်။ ထို ပုဂ္ဂိုလ်များထဲတွင် ထိပ်ဆုံး၌ ကျွန်ုပ်၏ဘဝကြင်ဖော် ဂျီးလ်ရှိပါသည်။ ဂျီးလ်သည် ဘုရားသခင်ကို နက်ရှိုင်းစွာ ပြုပြင်ပြောင်းလဲစေသောနည်းလမ်းများဖြင့် ကိုးစားသည့်အပြင် ကျွန်ုပ်၏ ဝိညာဉ်ရေးအသက်တာနှင့် အတွေ့အကြုံကို ဆထက်ထမ်းပိုး တိုးတက်စေရန် အမြဲအားပေးသူဖြစ်သည်။ ၎င်းအပြင် သူမသည် ကျွန်ုပ်တို့မိသားစု၌ အလွန်အမြင်ကျယ်သူနှင့် နက်ရှိုင်းစွာကြည်ညို တတ်သော ဝိညာဉ်အနှစ်သာရပြည့်ဝသည့် ခေါင်းဆောင်ဖြစ်ပါသည်။ သူမသည် အသက်မွေးဝမ်းကျောင်းအရ စာရေးဆရာနှင့် သိက္ခာတော်ရအမှု တော်ဆောင် တစ်ပါးဖြစ်ပါသည်။ သူမသည် နှစ်ကာလကြာမြင့်စွာ ကျွန်ုပ်၏ အသိ ဉာဏ်ဆိုင်ရာ မဟာရေသောက်မြစ်ဖြစ်ပါသည်။ ၁၉၉၈ ခုနှစ်တွင် ပြင်သစ်ပြည် တိုင်ဇီ(Taize, France)၌ တစ်ပတ်ကြာ ဝိညာဉ်အားသစ် လောင်းရိပ်သာ၌ ခွန်အားယူရန် ပထမဆုံးတိုက်တွန်းခဲ့သူလည်း ဖြစ်သည်။ အသိရခက်ဝါဒ သို့မဟုတ် လျှို့ဝှက်နက်နဲမှုဝါဒ(mysticism)အပေါ် သူမ၏ အလေးအနက်ထားခြင်းက ဘုရားသခင်နှင့်ဆက်သွယ်သော နည်းလမ်းသစ် များနှင့်ပတ်သက် ကျွန်ုပ်တို့အား အမြင်ပွင့်စေခဲ့သည်။ ညနေပိုင်းများနှင့် တစ်ပတ်တာ၏ ရက်အားများ၌ နာရီပေါင်းမြောက်မြားစွာ စာရေးနေသော ကျွန်ုပ်အား အမြဲမပြတ်အားပေးခြင်းနှင့် အနစ်နာခံခြင်းများမပြုခဲ့ပါက ဤစာအုပ်ကို ကျွန်ုပ်ပြီးစီးနိုင်မည် မဟုတ်ပေ။

ကျွန်ုပ်၏ဝိညာဉ်ရေးနှ်ကြားရေးမှူးဖြစ်သော ဂျွန်အက မန်း(John Ackerman) သည် ကျွန်ုပ်အား ဘုရားသခင်၏အသံတော်ကို ပုံမှန်နား ထောင်ခြင်းအပါအဝင် အလွန်အကျိုးရှိသော ဝိညာဉ်ရေးလက်တွေ့ကျင့်ထုံး များကို သင်ပေးခဲ့ပါသည်။ ကျွန်ုပ်၏ ဘုရားသခင်နှင့်ပတ်သက်သော မေးခွန်းများနှင့် စိုးရိမ်ပူပန်မှုများကို ပြ နာများအပေါ် စိတ်အကျဉ်းအကြပ် တွေ့နေသော အချိန်တွင်မဟုတ်ဘဲ ပြ နာဖြေရှင်းမှုဖြစ်စဉ် အစောပိုင်းကာလများမှစ ဘုရားသခင်ထံ ဆုတောင်းတိုင်ပင်ရန် အမြဲတိုက်တွန်းခဲ့သည်။ ကျွန်ုပ်တို့တစ်တွေ အတူတကွ အလုပ်လုပ်နေစဉ်အတွင်း ဘုရားသခင်၏ ပြုမူလုပ်ဆောင်တော်မူချက်ကို မည်သို့ရှာဖွေသိရှိရမည်ကို လုပ်ဖော်ဆောင်ဖက်များအား သင်ပေးနည်းကို ကျွန်ုပ်အား ဂျွန်က သင်ပေးပါသည်။ သူ၏သင်ပေးမှုကြောင့် လုပ်ငန်းခွင်၌ ဝိညာဉ်အနှစ်သာရ ပိုမိုကြွယ်ဝရေးအတွက် မည်သို့ချဉ်းကပ်ရမည်ကို ကျွန်ုပ်သိရှိခဲ့

သည်။

ဝိညာဉ်အနှစ်သာရပြည့်ဝသော ခေါင်းဆောင်တစ်ယောက်အဖြစ် ကျွန်ုပ်၏စွမ်းဆောင်ရည်ကို ကြီးမားမြင့်တင်ပေးခဲ့သော သင်ရိုးညွှန်းတမ်းတစ်ခုမှ အမေရိကန်ပြည်ထောင်စု မေရီလန်းပြည်နယ် ဘက်သီးစ်ဒါ(Bethesda)မြို့ရှိ ရှာလင်(မ်)သိပံ (Shalem Institute)က ပြုစုသော 'အမှုဆောင်အရာရှိ၏ စိတ်ဝိညာဉ်' (The Soul of the Executive) ဖြစ်ပါသည်။ စိတ်ဓာတ်ခိုင်ခံ့ သော စီမံအုပ်ချုပ်ရေးခေါင်းဆောင်အဖြစ်နှင့် ဝိညာဉ်အနှစ်သာရပြည့်ဝသော ခေါင်းဆောင်နှစ်ခုကြားတွင်ရှိသော တင်းမာမှုအတွင်း နှစ်ပေါင်းများစွာ ရုန်းကန်ခဲ့ပြီးနောက် ဝိညာဉ်အနှစ်သာရပြည့်ဝခြင်းနှင့် ခေါင်းဆောင်မှုတို့နှင့် ပတ်သက်သော အထောက်အကူပြုစာပေနှင့် အတွေးအခေါ်တို့ကို ကျွန်ုပ်တို့အား မိတ်ဆက်ပေးခဲ့သည်။

''အမှုဆောင်အရာရှိ၏ စိတ်ဝိညာဉ်'' သင်တန်း၏လိုအပ်ချက်တစ်ခုမှာ ဝိညာဉ်အနှစ်သာရပြည့်ဝခြင်းနှင့် ကျွန်ုပ်၏ စီမံအုပ်ချုပ်မှုခေါင်းဆောင်မှု အတွေ့အကြုံတို့ကို ပေါင်းစည်းရေးဖြစ်သည့် လက်တွေ့ကျသော စီမံချက် တစ်ခုဖြစ်သည်။ ဤသင်တန်းမှထွက်ပေါ်လာသော အကျိုးရလဒ်တစ်ခုမှာ ကျွန်ုပ်ဦးစီးလုပ်ကိုင်နေသော မိသားစုမျှော်လင့်ခြင်းဝန်ဆောင်မှုလုပ်ငန်းများ (Family Hope Services)ဖြစ်သည်။ ၎င်း၌ ကျွန်ုပ်သည် အမှုဆောင်ညွှန် ကြားရေးမှူး (executive director)နှင့် ဥက္ကဋ္ဌ(president) တာဝန်ယူထားပါသည်။ မိသားစုမျှော်လင့်ခြင်း(Family Hope)သည် မင်နီအား ပိုလစ်မြို့ ဆင်ခြေဖုံး ရပ်ကွက်များရှိ နေရာအမြောက်အမြားမှ ဘေးအန္တရာယ်ရှိသော လူငယ်များ (at- risk youth)အတွက် ရည်ရွယ်ပြီး ဖွင့်လှစ်ထားသော ထရီးဟောက်စ်(Tree House)ကို စီမံကြီးကြပ်ရသော ခရဏ်ယာန်အခြေပြု၊ အမြတ်အစွန်းမယူသော အဖွဲ့အစည်းဖြစ်သည်။ မိသားစုမျှော်လင့်ခြင်း၏ ဝိညာဉ်ရေးအစီအစဉ်များကို ဘုရားသခင်ကို အတူတကွရှာဖွေခြင်း (Seeking God Together) ဟုခေါ်ပါသည်။ စာအုပ်ဖတ်ရှုလေ့လာခြင်း၊ ဝိညာဉ်ရေးလက်တွေ့ကျင့်သုံးမှုများ၊ ကျမ်းစာလေ့လာခြင်းများ၊ ဆုံးဖြတ်ချက်ချမှတ်ရာတွင် စုပေါင်းသိရှိ သဘော ပေါက်ရေးနည်းလမ်းသစ်များ ရှာဖွေခြင်းတို့က ကျွန်ုပ်တို့အား ပြောင်းလဲစေခဲ့သည်။ လုပ်ငန်းခွင်၌ ကျွန်ုပ်၏ဝိညာဉ်ရေး ခေါင်းဆောင်မှုဘဝကို အကြီးအကျယ်ပြောင်းလဲ ပစ်ခဲ့သည်။

မိသားစုမျှော်လင့်ခြင်းဝန်ဆောင်မှုလုပ်ငန်းများ၏ အုပ်ချုပ်မှုဒါရိုက်တာအဖွဲ့ နှင့် လုပ်ဖော်ဆောင်ဖက်များ၏ အားပေးကူညီမှုအပေါ် ကျွန်ုပ်အထူး ကျေးဇူးတင်ကြောင်း ဖော်ပြလိုပါသည်။ မိသားစုမျှော်လင့်ခြင်းသည် ရှာလင်(မ်)၌ ကျွန်ုပ်၏ သင်ကြားမှုအစီအစဉ်ကို ကမကထပြုခြင်း၊ နှစ်စဉ် ဝိညာဉ်ရေး

အားသစ်လောင်းအစီအစဉ်များ၌ ပါဝင်နိုင်ရန် ရက်ရောစွာ ထောက်ပံ့ကူညီခြင်း၊ အလုပ်ရုံဆွေးနွေးပွဲများ၌ သင်ကြားပို့ချခြင်း၊ ဝိညာဉ် အနှစ်သာရပြည့်ဝခြင်းနှင့် ဝိညာဉ်ရေးခေါင်းဆောင်မှုဆိုင်ရာ တွေ့ဆုံ ဆွေးနွေးပွဲများပြုလုပ်ခြင်း၊ စာရေးရန် အချိန်အမြောက်အမြားပေးခြင်း စသည်တို့အားဖြင့် ကူညီစီစဉ်ပေးခြင်းမပြုခဲ့ပါက ဤစာအုပ်ကို ကျွန်ုပ် အပြီးသတ်နိုင်မည်မဟုတ်ပေ။ ''ဘုရားသခင်ကို အတူတကွရှာဖွေခြင်းအစီ အစဉ်များ''၌ ရုံးအဖွဲ့သားများ၏ ပူးပေါင်းပါဝင်ခြင်းနှင့် ကျွန်ုပ်၏ သုတေ သနပြုခြင်းနှင့် စာရေးသားခြင်းတို့၌ ၎င်းတို့သာ မပါဝင်ပါက ဤစာအုပ်ကို ရေးသားနိုင်မည်မဟုတ်ပေ။

**ဝိညာဉ်တော်ဦးဆောင်သော ခေါင်းဆောင်**စာမူကို သတိကြီးစွာထား ဖတ်ရှုပေးခဲ့ကြသော ဂျွန်ဟိုဂင်ဆင်(John Hogenson)၊ ချယ်ရီးလ်ဒပ်ဒ်လီ (Cheryl Dudley)၊ ဂျိုနာသန်ရက်ခ်ဖို့(Jonathan Reckford)နှင့် ဂျွန်အကာမန်(John Ackerman)တို့၏ ပွင့်လင်း ထွင်းဖောက်မှုရှိသော ကောက် ချက်များကြောင့် ဤစာအုပ်ပါ အယူအဆများသည် ပိုမိုလေးနက်မှုရှိလာ ပြီး ပိုမိုကြွယ်ဝပြည့်စုံလာကြပါသည်။ ဤစာအုပ်အပေါ် ၎င်းတို့လေးယောက်၏ ရင်းနှီးမြှုပ်နှံမှုအတွက် အထူးကျေးဇူးတင်ဝမ်းမြောက်မိပါသည်။ ကျွန်ုပ်၏ အဲလ်ဘန်တက္ကသိုလ်(Alban Institute)မှ အယ်ဒီတာနှစ်ဦးဖြစ်သော ဘက် ဂေးဒီ(Beth Gaede)နှင့် ဂျင်းကက်ဖီလိုင်းစ်(Jean Caffey Lyles)တို့၏ အကျိုးရှိသော အကြံပြုချက်များအတွက်လည်း သူတို့အား ကျေးဇူးတင်ကြောင်း ပြောကြားလိုပါသည်။ နောက်ဆုံးတွင် နှစ်ပေါင်းများစွာအတွင်း ကျွန်ုပ်၏ အတွေးအခေါ်ကို ကျယ်ပြန့်စေပြီး ထက်မြက်စေကြသော ကျွန်ုပ်၏ တပည့်များကိုလည်း အထူးကျေးဇူးတင်ကြောင်း ပြောကြားလိုပါသည်။ သူတို့၏အသက်တာဘဝများထဲ၌လည်းကောင်း၊ ခေါင်းဆောင်မှုဘဝများထဲ၌ လည်းကောင်း ဘုရားသခင်အလုပ်လုပ်တော်မူခြင်းကို သူတို့၏စိန်ခေါ်မှုများ နှင့် ကူညီမှုများကြောင့် ပိုမိုသိရှိလာခဲ့ရသည်။ သူတို့ကြောင့် ဤဝိညာဉ်တော် ဦးဆောင်သောခေါင်းဆောင်စာအုပ်ကို ရေးသားခြင်း ဖြစ်ပါသည်။